## ရန်ကုန်မြို့တွင်ဆက်သွယ်ရေးဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းထားရှိမှုကို စစ်ဆေးရန်အတွက် အကြံပေးအဖြစ် ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံ တစ်ဝှမ်းမိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်စေရန်နှင့် ဆက်သွယ်ရေး ကွန်ရက်များ လျင်မြန်စွာဖြန့်ကျက်နိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများမှ တင်ပြလျှောက်ထားလာသော ဖိုင်ဘာကေဘယ်လမ်းကြောင်းသွယ်တန်း တည်ဆောက် ခြင်းလုပ်ငန်းများအား ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်၍ ခွင့်ပြုချက်များ ထုတ်ပေးလျက်ရှိပြီး အဆိုပါကွန်ရက် အထောက်အကူပြုပစ္စည်းများကို တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများအား စစ်ဆေးခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် Nationwide Telecommunication ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ အော်ပရေတာများအပါအဝင် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်(အထူး)နှင့်ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(သာမန်) လိုင်စင်ရကုမ္ပဏီ များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတိုင်အသစ်စိုက်ထူခြင်းများ ၊ မြေအောက်တွင်ချခင်းထားသည့် ဆက်သွယ်ရေးကြိုးများတွင် ဆက်သွယ်ရေးအခြေခံအဆောက်အဦများတည်ဆောက်ရာတွင် ထုတ်ပြန် ထားရှိပြီးဖြစ်သည့် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနခွင့်ပြုချက်နှင့် သက်ဆိုင်ရာမြေနှင့်အဆောက် အအုံ (ပိုင်ရှင်(သို့) RoWကို စီမံခန့်ခွဲရှိသူတို့၏) ခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ကြရန်ညွှန်ကြား ချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၃။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အခြေခံအဆောက်အအုံ တည်ဆောက်ရန် လိုင်စင်ရဆက်သွယ်ရေးကုမ္ပဏီများမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း သွယ်တန်းချခင်းထားသော ဖိုင်ဘာကေဘယ်များကိုဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်ထားခြင်းရှိ/မရှိအား ပြင်ပကျွမ်းကျင်သူ အဖွဲ့ငှားရမ်း၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဖိုင်ဘာကေဘယ်လုပ်ငန်းနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်မှုရှိသော မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများသည် သတ်မှတ် ထားသော တင်ဒါစည်းကမ်းချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနသို့ လိပ်မူ၍ ၁၆-၁၁-၂၀၁၈ ရက်နေ့၊ နေ့လည် (၁၂:၀၀)နာရီတွင် လူကိုယ်တိုင်လာရောက်၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ တင်ဒါစည်းကမ်းချက်ပုံစံများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပစ္စည်းဌာနတွင် (၃၁-၁၀-၂၀၁၈)ရက်မှ (၉-၁၁-၂၀၁၈)ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

**ဖြန့်ဝေခြင်း**

အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီဝင်များအားလုံး
ခရိုင်အုပ်ချုပ်ရေးမှူး၊ ( အရှေ့ပိုင်းခရိုင် ၊ အနောက်ပိုင်းခရိုင် ၊ တောင်ပိုင်းခရိုင် ၊
မြောက်ပိုင်းခရိုင်) ရန်ကုန်တိုင်းဒေသကြီး(ကြော်ငြာသင်ပုန်း၌ကြော်ငြာပေးပါရန်)
မြို့နယ်အုပ်ချုပ်ရေးမှူး၊ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များအားလုံး(ကြော်ငြာသင်ပုန်း၌ကြော်ငြာပေးပါရန်)
ဘဏ္ဍာရေးဌာန၊ဤရုံး၊(လုပ်ငန်းအတွက်စိတ်ဝင်စားမှုအာမခံ(P.O Cheque)ကိုလက်ခံရန်)
ကြော်ငြာသင်ပုန်း

**မိတ္တူကို**

ရုံးလက်ခံ/မျှောစာတွဲ
အမှုတွဲ

# ရန်ကုန်မြို့တွင်ဖိုင်ဘာကေဘယ်ကြိုး သွယ်တန်းခြင်းကို စစ်ဆေးရာတွင် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီအတွက် သတ်မှတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များ

လုပ်ငန်းဆောင်ရွက်မည့် အကြံပေးကုမ္ပဏီသည် အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

(၁) လုပ်ငန်းဆောင်ရွက်မည့် အကြံပေးကုမ္ပဏီသည် Underground Construction, Aerial Construction, Duct Construction, Air Blowing Construction စသည့် လုပ်ငန်းများ အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး၅နှစ်နှင့် အထက်ရှိရမည်။

(၂) ဖိုင်ဘာကေဘယ် တည်ဆောက်ခြင်းလုပ်ငန်းအား Telecom Operatorsများ၊ အခြား Telecom နယ်ပယ်နှင့်ဆက်စပ်သည့်ကုမ္ပဏီ အနည်းဆုံး(၃)ခုနှင့် ပူးပေါင်း၍အောင်မြင်စွာ ဆောင်ရွက်ခဲ့ဘူးသော ကုမ္ပဏီဖြစ်ရမည်။

(၃) အဆိုပါTelecom Operators များ ၊ Telecom နယ်ပယ်နှင့် ဆက်စပ်သည့်ကုမ္ပဏီများမှမိမိတို့ တည်ဆောက်ထားသည့် လမ်းကြောင်းများအား ကောင်းမွန်ကြောင်း ပြန်လည်ပေးအပ်ထားသည့် အထောက်အထား (လက်မှတ်)များနှင့်တစ်ကွ တင်ပြနိုင်ရမည်။

(၄) လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီသည် Underground Construction, Aerial Construction, Duct Construction, Air Blowing Construction စသည့် ဖိုင်ဘာကေဘယ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံအနည်းဆုံး ကီလိုမီတာ ၃,၀၀၀ နှင့် အထက်ရှိရမည်။ အထောက်အထားများ တင်ပြရမည်။

(၅) ဖိုင်ဘာကေဘယ်နှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်မည့် Test Equipment များ အပြည့်အစုံရှိရမည်။ အထောက်အထား တင်ပြနိုင်ရမည်။

(၆) လုပ်ငန်းဝင်ရောက်ယှဉ်ပြိုင်သည့် အကြံပေးပုဂ္ဂိုလ်နှင့်အင်ဂျင်နီယာများသည် ကုမ္ပဏီရှိ သက်ဆိုင်ရာလုပ်ငန်းတွင် အကြီးတန်းများသည် အနည်းဆုံးလုပ်သက် ၇ နှစ်နှင့်အထက် (၂)ဦး၊ အလယ် အလတ်တန်းသည် အနည်းဆုံးလုပ်သက် ၇ နှစ်နှင့် ၅ နှစ်ကြား(၃)ဦး၊ အငယ်တန်းများသည် အနည်းဆုံးလုပ်သက် ၅ နှစ်နှင့် ၃ နှစ်ကြား(၂)ဦးတို့ ပါဝင်ရမည်ဖြစ်ပြီး၊ ၎င်းတို့ဆောင်ရွက်ခဲ့သည့် Project များ၊ လုပ်ငန်း အတွေ့အကြုံများကို CV Formတွင်

ထည့်သွင်း၍ဖော်ပြရမည်။ အကြံပေးခေါင်းဆောင်အဖြစ် ဆောင်ရွက်မည့်သူသည် လုပ်သက်အတွေ့အကြုံအနည်းဆုံး ၁၀ နှစ် နှင့်အထက်ရှိရမည်။

(၇) အိပ်ဖွင့်တင်ဒါ တင်သွင်းသည့်အချိန်တွင် တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့်ဝယ်ယူရန်နှင့် ငွေကျပ် (၁၀) သိန်းတိတိကို စိတ်ဝင်စားမှုအာမခံကြေးအဖြစ် နေပြည်တော် ၊ မြန်မာ့စီးပွားရေးဘဏ်တွင် P.O Cheque ပြုလုပ်ပြီး ၁၅-၁၁-၂၀၁၈ ရက်နေ့ (၁၄:၀၀)နာရီနောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဘဏ္ဍာရေးဌာနသို့ပေးသွင်းရမည်။ ဌာနမှ P.O Cheque လက်ခံရရှိပြီးမှသာလျှင် အိပ်ဖွင့်တင်ဒါ လက်ခံမည် ဖြစ်ပါသည်။ လုပ်ငန်းမရရှိပါက P.O Cheque အားပြန်လည် ထုတ်ပေးမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းရာတွင် P.O Cheque မိတ္တူအား ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

(၈) ၎င်းလုပ်ငန်းအတွက်အိတ်ဖွင့်တင်ဒါများကို(၁၆-၁၁-၂၀၁၈)ရက်နေ့၊ နေ့လယ်(၁၃:၀၀)နာရီတွင် အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်ထံသို့ တင်သွင်းရမည်။ (တင်ဒါလက်ခံမည့်ရက်တွင် လူကိုယ်တိုင်ယူဆောင်လာရန် ဖြစ်ပါသည်။)

(၉) အိတ်ဖွင့်တင်ဒါများတင်သွင်းရာတွင် လုပ်ငန်းရှင်ကိုယ်တိုင် (သို့) ဈေးနှုန်း၊ စံချိန်စံညွှန်းများ၊ လုပ်ငန်းနှင့်ပါတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ပြီးဈေးနှုန်းစိစစ်ရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် ကိုယ်စားလှယ်မှ လာရောက်ပေးသွင်းရမည်။

(၁၀) အကြံပေးကုမ္ပဏီသည် လုပ်ငန်းအပ်နှံခြင်းခံရပါက မည်သို့စစ်ဆေးမည်ဆိုသည့် အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများကို နမူနာ တင်ပြရမည်။

(၁၁) ရွေးချယ်ခံရသည့် အကြံပေးပုဂ္ဂိုလ်သည် တည်ဆဲအခွန်ဥပဒေများကို လိုက်နာရမည်ဖြစ်ပါသည်။

(၁၂) လုပ်ငန်းအပ်နှံခြင်းခံရသည့် ကုမ္ပဏီသည် အပ်နှံသည့်နေ့မှစ၍ Overhead ဖိုင်ဘာကေဘယ်စစ်ဆေးခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ငါးလအတွင်းအပြီးဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင်ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့(၁၄)မြို့နယ်တို့ကို ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရမည်။

(၁၃) လုပ်ငန်းအပ်နှံခြင်းခံရသည့် ကုမ္ပဏီသည် ဖိုင်ဘာကေဘယ်စစ်ဆေးခြင်း လုပ်ငန်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျည်းစည်းကမ်းများ၊ ညွှန်ကြားချက်များအတိုင်းစစ်ဆေးပေးရမည်။ အဆိုပါညွှန်ကြားချက်များကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တောင်းယူလေ့လာနိုင်သည်။

(၁၄) ၎င်းလုပ်ငန်းများကို လုပ်ငန်းအပ်နှံသည့်နေ့မှ ငါးလအတွင်း အပြီး ဆောင်ရွက်ပေး ရပါမည်။ သတ်မှတ်ရက်ဖြင့် မပြီးပြတ်ပါကနှောင့်နှေးကြေးအဖြစ် တစ်ရက်လျှင်ဆောင်ရွက်ရန်ကျန်လုပ်ငန်း တန်ဘိုး၏ (၀.၀၁%)ကို ဖြတ်တောက်ခြင်းခံရပါမည်။

(၁၅) လုပ်ငန်းအပ်နှံသည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရပါမည်။ ၎င်းရက် အတွင်း လုပ်ငန်းမစတင်နိုင်ပါက လုပ်ငန်းအပ်နှံခြင်းကို ပြန်လည်ရုပ်သိမ်းမည့်အပြင် နာမည်ပျက် စာရင်းထည့်သွင်း သတ်မှတ်ခြင်းခံရမည် ဖြစ်ပါသည်။

(၁၆) လုပ်ငန်းအပ်နှံခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး မည်သို့ စစ်ဆေးမည်ဆိုသည့် အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း နမူနာတင်ပြလျှင် စာချုပ်တန်ဘိုး၏ ၂၀% အား ပထမအရစ်အဖြစ် ပေးချေပါမည်။ လုပ်ငန်း၏ ၅၀% ပြီးစီးပါက ဒုတိယအရစ်အဖြစ် စာချုပ်တန်ဘိုး၏ ၄၀% ကိုပေးချေပါမည်။ သို့ရာတွင် ငွေတောင်းခံလွှာနှင့်အတူ လုပ်ငန်းဆောင်ရွက်မှုအထောက်အထားများကို တင်ပြရပါမည်။ လုပ်ငန်းအားလုံးပြီးစီးပြီး လုပ်ငန်းအပ်နှံသူမှ ကျေနပ်ကြောင်း FAC ထုတ်ပေးပါက နောက်ဆုံးအရစ် ၄၀% ကို ထုတ်ပေးပါမည်။

(၁၇) အထက်ပါ စည်းကမ်းချက်များဖြစ်သည့် အမှတ်စဉ်(၁)မှ (၉)အထိ ပြည့်စုံအောင်တင်ပြနိုင်ခြင်း မရှိပါက တင်သွင်းသည့်ဈေးနှုန်းပြိုင်အား လက်ခံစဉ်းစားမည် မဟုတ်ပါ။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ခုဘဏ္ဍာနှစ်(အောက်တိုဘာလမှစက်တင်ဘာလအထိ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအတွက် အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါ၍ စိတ်ဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| အကြောင်းအရာ | အရေအတွက် | ဆောင်ရွက်မည့်မြို့နယ်များ |
|---|---|---|
| ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ဖိုင်ဘာကေဘယ်ကြိုးစစ်ဆေးခြင်းလုပ်ငန်း | ၁ ခု | တာမွေ၊ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ ဒေါပုံ၊ စမ်းချောင်း၊ ဗဟန်း၊ သဃ်န်းကျွန်း၊ ကြည့်မြင်တိုင်၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ၊ ဆိပ်ကမ်း၊ အလုံ |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ - ၃၁-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ - ၉-၁၁-၂၀၁၈ (သောကြာနေ့)

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - ပစ္စည်းဌာန၊<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ရုံးအမှတ်(၂)၊နေပြည်တော်

၅။ တင်ဒါတင်သွင်းရမည့်နေရာ - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ရုံးအမှတ်(၂)၊နေပြည်တော်

၆။ တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၁၆-၁၁-၂၀၁၈ ( သောကြာနေ့)<br>နေ့လယ်(၁၃:၀၀)နာရီ

၇။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၂)၊နေပြည်တော်
ဖုန်း ၀၆၇-၄၀၇၀၅၁